ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ (18-11-2010) (၆၅၈၆)

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမအနီး ၂၁ ဒသမ ၇ ဧက ကျယ်ဝန်းသော မြေကွက်လပ်တွင် တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲ ၈၇၈၇ တွဲ၊ ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲ ၃၇၀ စုစုပေါင်း ကျောက်စိမ်းအတွဲ ၉၁၅၇ တွဲကို ခင်းကျင်းပြသထားပြီးဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

မဏိရတနာကျောက်စိမ်းခန်းမ ရေပန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နေပြည်တော် နိုဝင်ဘာ ၁၇

နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ်ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိမြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ထိုင်းနိုင်ငံသံရုံးတို့မှ စီးပွားရေးသံမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယကက

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာကျောက်စိမ်းခန်းမ ရေပန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။(အပေါ်ပုံ)နှင့် **၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲများကို တွေ့ရစဉ်။**(ယာပုံ)
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၈-၁၁-၂၀၁၀
(ကြာသပတေးနေ့)

မြေလွှတ် မြေရိုင်းများ တိုးချဲ့ဖော်ထုတ် သဘာဝမြေသြဇာများ ပိုမိုထုတ်လုပ်သုံးစွဲ

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားများစွာ ပါဝင်နေသည်။ နိုင်ငံ၏ လူဦးရေအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရေး၊ သီးနှံစုံ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအစီအမံများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေးတို့အတွက် ဆည်တမံ ရေထိန်းတံခါးပေါင်း ၂၀၀ ကျော်ကို တည်ဆောက်ပေးထားသည်။ တောင်သူလယ်သမားများ အထွက်တိုး စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ရယူအသုံးပြုနိုင်ရေးတို့အတွက် အားပေးကူညီလျက်ရှိရာ သီးနှံစိုက်ပျိုးမှုများ အောင်မြင်မှုရရှိနေသည်။

နိုင်ငံအတွင်း သီးနှံစိုက်ဧရိယာ ဟက်တာ ၂၂ သန်းကျော်ရှိသည်။ ပင်မရိက္ခာသီးနှံ ဆန်စပါးတစ်မျိုးတည်း စိုက်ပျိုးဧရိယာ ဟက်တာ ရှစ်သန်းကျော်ရှိပြီး ဆန်တန်ချိန် သန်း ၂၀ ဝန်းကျင် ထုတ်လုပ်ပေးနေပြီ။ ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံရုံမျှမက ပိုလျှံတင်ပို့နိုင်နေပြီ။ အခြေခံစားကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ ပြည်တွင်းစားသုံးမှု ပြည့်စုံလုံလောက်မှုရှိနေပြီ။

မိုးစပါး၊ နွေစပါးများ စိုက်ပျိုးလျက်ရှိရာ နှစ်စဉ် စပါးအထွက်တိုးတက်မှုရှိသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ်တိုးပွားလာသည့် လူဦးရေအတွက် စားနပ်ရိက္ခာ လုံလောက်မှုရှိရေး တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ကြရဦးမည်။ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင် အရေအတွက်သာမက အရည်အသွေးကောင်းဆန်များ ထုတ်လုပ်နိုင်ရေး အလေးထားကြရမည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ မြေလွတ် မြေရိုင်းများ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်ခြင်းတို့ကို အားပေးလျက်ရှိရာ မြေဆီလွှာဂုဏ်သတ္တိ တိုးတက်ကောင်းမွန်ရေး သဘာဝမြေသြဇာများ ပိုမိုထုတ်လုပ်အသုံးပြုသင့်သည်။ သဘာဝမြေသြဇာကို အပင်အတွက် အာဟာရဖြစ်စေသည့် မြေဆွေး၊ သစ်ရွက်ဆွေး၊ တိရစ္ဆာန်အညစ်အကြေးများနှင့် အပင်အစိတ်အပိုင်းများဖြင့် ပြုလုပ်အသုံးပြုကြသည်။ လယ်ယာဥယျာဉ်ခြံမြေတို့၏ မြေဆီလွှာပျက်စီးမှုကို ပြုပြင်ပေးနိုင်သည့်အပြင် ပိုးမွှားနှင့်ရောဂါများ ကာကွယ်နိုင်ပြီး ဓာတုဓာတ်ကြွင်း အန္တရာယ်ကင်းသည့် သီးနှံများ ထွက်ရှိလာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် ဒေသတစ်ခုချင်းစီ၏ စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးနှင့် ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားမြင့်မားရေးကို အထောက်အကူပြုနေသည်။ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများက မြေလွတ် မြေရိုင်းများ၊ စိုက်ပျိုးရေးဇုန်များ တိုးချဲ့ဖော်ထုတ်ခြင်း၊ သဘာဝမြေသြဇာများ ထုတ်လုပ်သုံးစွဲခြင်းတို့ဖြင့် လယ်ယာကဏ္ဍသီးနှံထုတ်လုပ်မှု ပိုမိုတိုးတက်ထွက်ရှိလာနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း လေဘေးကယ်ဆယ်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၁ ရက်တွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပသော စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်အတွင်းတို့ရှိ မြို့နယ်နှင့် ကျေးရွာများမှ ဆိုင်ကလုန်းမုန်တိုင်း(ဂီရိ) တိုက်ခတ်ခြင်းခံခဲ့ရသော ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ အလှူရှင်တစ်ဦးက အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အလှူရှင်များအား ကျေးဇူးတင်စကားပြောကြား၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖွင့်ပွဲကို အောက်တိုဘာ ၉ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ဖွေးဖွေး ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးသောင်းရွှေ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၁၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၃၀ ၃။ ဓမ္မပူဇာတေး
- ၇:၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၅။ မွေးမြူသုတ
- ၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၅ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၄)**
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၂၂)
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၄)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အနုပညာရှင်၏တစ်နေ့တာ
- ၂၁။ ကုန်သွယ်သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၆)**
- ၂၄။ ဂီတရင်ခုန်သံ
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး လိုင်းသစ်ဖွင့်လှစ်ခြင်း အလှူဒါနပြုမည်

နေပြည်တော် နိုဝင်ဘာ ၁၇

မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်သည် နောက်ဆုံးပေါ် လေအိတ်ကားသစ်ကြီးများဖြင့် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ပြင်ဦးလွင်၊ ရန်ကုန်-မိတ္ထီလာ၊ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြင်ဦးလွင် ခရီးစဉ်များကို စတင်ပြေးဆွဲလျက်ရှိသည်။

မန္တလာမေ၊ မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများဖြင့် နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) (တန်ဆောင်မုန်းလပြည့်နေ့)တွင် စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား အလှူဒါနအဖြစ် စားသောက်ဖွယ်ရာများကို တောင်ငူမြို့ ပိုင်အိုးနီးယား(၁) စားသောက်ဆိုင်၊ ၁၁၅ မိုင်ရှိ ပိုင်အိုးနီးယား(၂) စားသောက်ဆိုင်၊ မိတ္ထီလာမြို့ သပြေဝထန်းရိပ်ညိုစားသောက်ဆိုင်နှင့် ဝမ်းတွင်းမြို့ ရတနာပုံစားသောက်ဆိုင်တို့၌ ကျွေးမွေးလှူဒါန်းမည် ဖြစ်သည်။

မန္တလာမင်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးနှင့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်ဝန်ထမ်း၊ ဂိတ်ဝန်ထမ်းမိသားစုတို့၏ စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေပြည်သာ ရွှေဗဟိုရ်ပတ်လမ်း (၁၆/၁) ရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာ ဓမ္မဂုဏ်ရည်ကျောင်း၌ လည်းကောင်း၊ မန္တလာမေ၊ မန္တလာမင်းမိသားစု၏ ပထမအကြိမ် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) (တန်ဆောင်မုန်း လပြည့်နေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့ စံပယ်လေးရုံကျောင်း ဇော်ဂျီလမ်း (၇၃×၇၄)လမ်းကြား ချမ်းမြရွှေပြည်ကားကွင်း၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။ မန္တလာမင်း အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးသည် ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေးဝင်း မြင်းခြံလမ်း ဏ/E ၁၅-၁၆ ဖုန်း-၀၁-၆၃၆၈၀၀၊ ၀၁-၇၀၄၇၅၉ နှင့် ၆၃၇၃၃၇ တို့တွင် တည်ရှိသည်။ (သတင်းစဉ်)

အထက(၁) ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင် - အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေး အထက်တန်းကျောင်း)၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက(၁) ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်၍ အပူဇော်ခံ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အထက(၁) ကြည့်မြင်တိုင် ဖုန်း-၂၂၀၃၆၂၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း-၅၁၂၆၆၇၊ ဒေါ်ဝင်းဝင်းမေ ဖုန်း-၇၂၁၇၀၄၊ ဒေါ်သီသီအေး ဖုန်း-၅၂၆၆၈၄၊ ဒေါ်ဇီဝါဦး ဖုန်း-၅၁၇၁၁၃၊ ဒေါ်သန်းသန်းနိုင် ဖုန်း-၂၂၇၄၈၆ နှင့် ဒေါ်ငွေးငွေးဝင်း ဖုန်း-၀၉-၅၀၂၀၈၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောက်စရစ်ကုန်းကျေးရွာ နှစ်လက်မ စက်ရေတွင်းမှ ရေစမ်းသပ်ထုတ်ယူခြင်း၊ ရေစက်ရုံနှင့် ရေကန်ဆောက်လုပ်မှုတို့ကို မြို့နယ်စည်ပင်မှ တာဝန်ရှိသူတို့ ကွင်းဆင်းကြိုးကြပ်စဉ်။ (သတင်းစဉ်)

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေးလုပ်ငန်း နှီးပုံကျေးရွာ စက်ရေတွင်း တူးဖော်ခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနေမျိုးနန္ဒနှင့် တာဝန်ရှိသူတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကွယ်လွန်သူ ဒေါ်လှလှဝင်း(ခ) တော်စွမ်ပို့ (နတ်တလင်း) ၉ လပြည့်အားရည်စူး၍ သား မောင်ခိုင်ဦး၊ မောင်ခိုင်လတ်၊ မောင်စိန်လေးမောင်၊ မောင်သိန်းထူးတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၅၆၂၉ ဦး ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ယနေ့မှစတင်၍ နိုဝင်ဘာ ၂၉ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲပေါင်း ၂၄၆ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲပေါင်း ၃၀ စုစုပေါင်း ပုလဲအတွဲပေါင်း ၂၇၆ တွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲပေါင်း ၂၂၄ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲပေါင်း ၄၉ တွဲ စုစုပေါင်း ကျောက်မျက်အတွဲပေါင်း ၂၇၃ တွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ လည်းကောင်း၊ တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၈၇၈၇ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၃၇၀ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၉၁၅၇ တွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ လည်းကောင်း မဏိရတနာ ကျောက်စိမ်းခန်းမ၌ ရောင်းချသွားမည် ဖြစ်သည်။

အဆိုပါ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ရတနာကုမ္ပဏီ ၅၈၇ ခုမှ ပြည်တွင်း ရတနာကုန်သည် ၂၆၇၀ နှင့် ပြည်ပ ရတနာကုမ္ပဏီ ၈၁၈ ခုမှ ပြည်ပ ရတနာကုန်သည် ၂၉၈၉ ဦး စုစုပေါင်း ပြည်တွင်းပြည်ပရတနာကုန်သည် ၅၆၂၉ ဦးတို့သည် ယနေ့နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီအထိ ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံ၍ လိုအပ်ချက်များကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် ပြည်တွင်း၊ ပြည်ပရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ များပြားစွာ ထပ်မံရောက်ရှိလာဦးမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်စိမ်းအတွဲများ ကြည့်ရှုလေ့လာ

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ကြည့်ရှု လေ့လာ

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း ရတနာကုမ္ပဏီ ၅၈၇ ခုမှ ပြည်တွင်း ရတနာကုန်သည် ၂၆၇၀ နှင့် ပြည်ပ ရတနာကုမ္ပဏီ ၈၁၈ ခုမှ ပြည်ပ ရတနာကုန်သည် ၂၉၈၉ ဦး စုစုပေါင်း ပြည်တွင်း ပြည်ပ ရတနာကုန်သည် ၅၆၂၉ ဦးတို့ ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ။

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

(18-11)03.pmd 1 11/18/2010, 3:44 AM

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသော ရတနာပြပွဲဖြစ် ပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသရောင်းချ

❂ ရွှေဖုံးမှ

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင့်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေတို့က ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြ သည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

ထို့နောက် အတွင်းရေးမှူး(၁) သီဟ သူရဦးတင်အောင်မြင့်ဦးက မဏိရတနာ ကျောက်စိမ်းခန်းမရေပန်းကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်း ခန်းမ ရေပန်းရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ပုံစံငယ်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)သည် မဏိရတနာကျောက်စိမ်းခန်းမ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခန်းမအတွင်း၌ ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်း များ ခင်းကျင်းပြသထားမှု၊ ခန်းမအနီး၌ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသ ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ထို့နောက် အတွင်းရေးမှူး(၁)သီဟသူရ ဦးတင်အောင်မြင့်ဦးသည် မြန်မာ့ ကျောက်မျက်ရတနာပြတိုက်တွင် ရတနာ ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချနေမှုနှင့် ပုလဲအရောင်းပြခန်း တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက် ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်း ပြသ ရောင်းချသွားမည်ဖြစ်သည်။ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲသည် နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသော ရတနာပြပွဲ ဖြစ်ရာ ပြည်တွင်း၊ ပြည်ပမှ ရတနာ ကုန်သည် ၆၀၀၀ ကျော် တက်ရောက်ကြ မည်ဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်ထား

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက် ရန် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည် များ စိတ်အားထက်သန်လျက်ရှိရာ ၎င်းတို့ ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး နှင့် သွားလာရေး အဆင်ပြေလွယ်ကူစေ ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက် ထားပြီးဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲလမ်းညွှန် (နေပြည်တော်)ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေထားပြီး ပြည် တွင်း၊ ပြည်ပ ရတနာကုန်သည်များ နေပြည်တော်သို့ရောက်ရှိသည်နှင့် အခမဲ့ ပေးဝေသွားမည်ဖြစ်သည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံးများ၊ သွေးပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ○

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ကျောက်စိမ်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးအုန်းမြင့်၊ ဝန်ကြီး ဦးစိုးနိုင်၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဒုတိယ ဝန်ကြီး ဦးတင်ငွေတို့ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ တက်ရောက်ရန် ပြည်တွင်း၊ ပြည်ပမှ ရတနာ ကုန်သည်များ စိတ်အားထက်သန်လျက်ရှိရာ ၎င်းတို့၏ တည်းခို နေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေး အဆင်ပြေ လွယ်ကူစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထား ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁၁-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "သာစုသုတ္တန်"တရားတော် (ဆရာတော်ဘဒ္ဒန္တဝိလာသ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၇၈)**
၇း၃၀ **MRTV-4** သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၄၅)**
၈း၅၀ အလှမှာနည်းပညာဆင့် အမြင်ဆန်းမည့်ဧရာဝတီ (အပိုင်း-၁)
၉း၁၅ ရတနာကိုးသွယ်စီကာသခြယ်
၉း၃၅ Science For All (ရုပ်မြင်သံကြားစက်များ ပြောင်းလဲတိုးတက်လာပုံ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
၁၀း၀၀ ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
၁၀း၁၅ Activities In The City -အမက(၂၅)အင်းစိန်၏ ပညာရည်ချွန်ဆုပေးပွဲ -Current Management of HCC
၁၀း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၅ The Champion of Dance
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၂၉)
၁၂း၁၀ တေးဂီတအစီအစဉ်
၁၂း၂၀ ဆန်းပြားခေတ်မီပဒုမ္မဏိကို ရိုက်ကူးပုံဖော်ခြင်း
၁း၀၀ "သာစုသုတ္တန်"တရားတော် (ဆရာတော်ဘဒ္ဒန္တဝိလာသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Quiz Idol [အထက(၂)ကမာရွတ်၊ ရန်ကင်း TTC]
၃း၁၀ ပျော်ဘွယ်မြို့ရဲ့တန်ဆောင်ခါ ဒါနပန်းတွေဝေဝေဆာ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၇၈)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၄၅)**
၅း၁၀ ဓာတ်ပုံထဲမှအမှတ်တရများ (နေခြည်လင်းလွဲ)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား" (အပိုင်း-၂၉)
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၇၉)**
၇း၀၅ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ကပ်စေးနဲ့တာကောင်းတယ်၊ ကပ်စေးမနဲ့တာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၄၆)**
၁၀း၁၅ အနုပညာမိုးကောင်းကင်
၁၀း၄၀ ဂီတသရုပ်ပြခန်း (ကာကာ-အချစ်ရှိနေသမျှ)
၁၁း၀၀ လှမ်းလာခဲ့ပါ. . . နှောင်းအင်းလေးကကြိုနေမှာ
၁၁း၁၅ လှပချစ်စရာလက်မှုအနုပညာ (Love Flower)
၁၁း၄၀ "ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၁)
၁၂း၀၀ နုယဉ်ဆန်းထွင် ပန်းအလှဆင် (တြိဂံပုံပန်းအိုးထိုးနည်း) (ပန်းအိုးအကြီး)
၁၂း၂၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ် ပြုလုပ်နည်း)
၁၂း၃၅ Movie Mistakes (The Mask)
၁၂း၅၅ အသက်ကယ်တဲ့ရှည်စေလို (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတိ) [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)]
၁း၁၅ စွဲမက်ဖွယ်ရာ ရတနာ (စိန်ကျောက်အလား ဉဿဖရား) (အပိုင်း-၁)
၁း၃၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြား ထာပွဲများ
၁း၅၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်)(အပိုင်း-၁)
၂း၂၀ သင်ယူလေ့လာဂီတပညာ (Film Score Module 02) (Part-2)
၂း၃၅ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာ ဖွံ့ဖြိုးနေ
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ မြတ်နိဗ္ဗာန်သို့ရည်မှန်း အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် တရားစခန်း
၄း၁၅ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၄း၂၅ Treasure From The Earth (အပိုင်း-၁)
၄း၅၀ နံနက်ခင်းအလှ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျောက်စိမ်းခန်းမ ပုံစံငယ် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာ ကျောက်စိမ်းခန်းမ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❍ စာမျက်နှာ ၄ မှ

ကျောက်စိမ်းအချောများ၊ ကျောက်မျက်အရိုင်းများ၊ သွေးပြီး ကျောက်မျက်အချောများ၊ ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲတို့ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ငွေထည်ပစ္စည်းများ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ခင်းကျင်းပြသ

ယခုအခါ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည့် မဏိရတနာကျောက်စိမ်းခန်းမအနီး ၂၁ ဒသမ ၇ ဧက ကျယ်ဝန်းသော မြေကွက်လပ်တွင် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ ၈၇၈၇ တွဲ ၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ ၃၇၀ စုစုပေါင်း ကျောက်စိမ်းအတွဲ ၉၁၅၇ တွဲကို ခင်းကျင်းပြသထားပြီးဖြစ်သည်။

ရောင်းချသွားမည်

ထို့အပြင် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ ၂၂၄ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲ ၄၉ တွဲ စုစုပေါင်း ကျောက်မျက်အတွဲ ၂၇၃ တွဲတို့သည် လည်းကောင်း၊ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ ၂၄၆ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲ ၃၀ စုစုပေါင်းပုလဲအတွဲ ၂၇၆ တွဲ တို့သည်လည်းကောင်း ရတနာပြပွဲကျင်းပမည့် မဏိရတနာ ကျောက်စိမ်းခန်းမသို့ ရောက်ရှိနေပြီး နိုဝင်ဘာ ၁၇ ရက်မှ စတင်၍ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

အောင်မြင်မှုများရရှိ

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ အကြိမ်ပေါင်း (၇၉)ကြိမ်ရှိခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ စိတ်အားထက်သန်စွာ ဝယ်ယူခဲ့ခြင်း ကြောင့် ရတနာပြပွဲသည် တစ်ပွဲထက်တစ်ပွဲ အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦး မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ရတနာပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်း ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဗီဒီယိုဆင်ဆာမှုရင်းကွဲလက်မှတ်အသေးကပ်ထားသော ဗွီစီဒီ၊ ဒီဗွီဒီနှင့် လေဆာဓာတ်ပြားများကိုသာ အသုံးပြုရေးနှင့် ခိုးချပ်၊ ပွားချပ် လျော့နည်းပပျောက်စေရေး ပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် ကချင်ပြည်နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ ဗီဒီယိုဆင်ဆာမူရင်းကွဲလက်မှတ် အသေးကပ်ထားသော ဗွီစီဒီ၊ ဒီဗွီဒီနှင့် လေဆာဓာတ်ပြားများကိုသာ အသုံးပြုစေရေးနှင့် ခိုးချပ်၊ ပွားချပ်များ လျော့နည်းပပျောက်စေရေးအတွက် ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ ရွှေပန်းချီ ဗီဒီယိုပြသရေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ဦးအောင်စိုးမင်းက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ ဗွီစီဒီ၊ ဒီဗွီဒီနှင့် လေဆာဓာတ်ပြားများကိုသာ အသုံးပြုရေး၊ ခိုးချပ်၊ ပွားချပ်များ လျော့နည်းပပျောက်စေရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးခင်ဌေးက မြန်မာဗီဒီယိုဇာတ်ကား ဖြန့်ချိငှားရမ်း၊ ပြသရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပညာပေးရှင်းလင်းဆွေးနွေးကြပြီး ဗီဒီယိုလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ပြည်နယ်နှင့် မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် ဗီဒီယိုလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးအောင်စိုးမင်း ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေနှင့်အညီ ဗွီစီဒီ၊ ဒီဗွီဒီနှင့် လေဆာဓာတ်ပြားများကိုသာ အသုံးပြုရေး၊ ခိုးချပ်၊ ပွားချပ်များ လျော့နည်းပပျောက်စေရေး ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ အောင်မြင်နေသောလုပ်ငန်းရှင်များ၏ ကုန်စည်ပြပွဲ၊ အီလက်ထရွန်နစ်နှင့် မော်တော်ယာဉ်ပြပွဲ - ၂၀၁၀ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)မှ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ အောင်မြင်နေသော လုပ်ငန်းရှင်များ၏ ကုန်စည်ပြပွဲ၊ အီလက်ထရွန်နစ်နှင့် မော်တော်ယာဉ်ပြပွဲ ၂၀၁၀ Eco Echo Exhibition Electronics & Automobile Show ၂၀၁၀ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် Khaing Khaing Sang Da ကုမ္ပဏီမှ (MPV) New Model ကားသစ်များ၊ MCC/ ရွှေလမင်းနဂါး (acer)/ Unique/Cybercity/KMD/ The Radiance/Cybertron Lucky Bird တို့မှ Computer နှင့်ဆက်စပ်ပစ္စည်းများ၊ Samsonic/Asahi/Three Friend/ MNZ တို့မှ အီလက်ထရွန်နစ်ပစ္စည်းများ၊ Home Glory မှ Modern Fruniture များ၊ Home Distribution/Maruart မှ ကိုရီးယား Vinyl ကြမ်းခင်းများ၊ အောင်သိန်းသန်း၊ ထွန်းသစ်ဦး၊ Super Cool တို့မှ မော်တော်ယာဉ်သုံး ဆက်စပ်ပစ္စည်းများ၊ New Link မှ Revlon နှင့် C' Care အလှကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရ အောင်မြင်နေသော လုပ်ငန်းရှင်များ၏ ဝန်ဆောင်မှုလုပ်ငန်းများကို တစုတစည်း ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆၂၆၀၈၀၊ ၂၄၆၆၃၄ သို့ ဆက်သွယ်နိုင်သည်ဟု သိရှိရသည်။ (သတင်းစဉ်)

သွေးသည်အသက်

ကျေးဇူးရှင်မိခင် ဒေါ်လှဲလှဲဝင်း၏ မွေးနေ့ အထိမ်းအမှတ်အတွက် ထက်မြတ်လှိုင်၊ စုလဲ့သန္တာလှိုင်၊ မင်းခန့်လှိုင် (လှိုင်မိသားစု ရေတိုင်ကီလုပ်ငန်း)တို့က ထာဝရ ဆွမ်းပဒေသာ ပင်အဖြစ် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

(18-11)05.pmd 1 11/18/2010, 3:44 AM

အက်မက်စ်၊ စီအယ်လ်အမ်ဗွီနှင့် မြန်မာနိုင်ငံ

တက္ကသိုလ်ဟန်စိုးဦး

အက်မက်စ်နဲ့ စီအယ်လ်အမ်ဗွီဟာ မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိတဲ့ ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်နှစ်ရပ်ဖြစ်ပါတယ်။ အက်မက်စ်ကတော့ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy-ACMECS) ကို အဖျားဆွတ်ပြီး ခေါ်ဆိုတာဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီကတော့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး (Cambodia-Laos-Myanmar-Viet Nam Economic Co-operation) ကို အတိုကောက် ခေါ်ဆိုထားတာဖြစ်ပါတယ်။

အက်မက်စ်

အက်မက်စ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် စတင်အခြေပြုခဲ့တဲ့ နေရာကတော့ မြန်မာနိုင်ငံ ဖြစ်ပါတယ်။ မြန်မာ-ထိုင်း-လာအို-ကမ္ဘောဒီးယား လေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာချမှတ်ရေးအတွက် အစိုးရအဖွဲ့ခေါင်းဆောင်များရဲ့ ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့မှာ မြန်မာနိုင်ငံ ပုဂံမြို့မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့ပါတယ်။ အစည်းအဝေးမှာ လေးနိုင်ငံ ဝန်ကြီးချုပ်များဟာ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေမယ့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာရဲ့ ရှေ့လုပ်ငန်းစဉ် Plan of Action ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါတယ်။

အစည်းအဝေးကနေ ပုဂံကြေညာစာတမ်း (Bagan Declaration) နဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ် (Plan of Action) တို့ကို အတည်ပြုခဲ့ပါတယ်။ ပုဂံကြေညာစာတမ်းအရ လေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာကို အဖွဲ့ဝင်လေးနိုင်ငံရှိ အဓိကမြစ်ကြီးတွေရဲ့အမည်ကို အခြေပြုပြီး "ဧရာဝတီ-ကျောက်ဖယား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ(အက်မက်စ်)" ဟု ခေါ်တွင်ဖို့ သဘောတူညီခဲ့ကြပါတယ်။ ၂၀၀၄ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံဟာ အက်မက်စ်အဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်လိုကြောင်း ကမ်းလှမ်းလျှောက်ထားလာခဲ့တဲ့အတွက် ဗီယက်နမ်နိုင်ငံဟာလည်း အက်မက်စ်အဖွဲ့ဝင်အဖြစ် ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်းမှာ ထပ်မံပါဝင်လာခဲ့ပါတယ်။

အဓိကရည်မှန်းချက်များ

အက်မက်စ်ရဲ့ အဓိကရည်မှန်းချက်တွေကတော့ နယ်စပ်ဒေသတွေမှာ စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုတွေ ပိုမိုရရှိလာဖို့ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်း ပိုမိုကောင်းမွန်တဲ့ ဒေသများသို့ ပြောင်းရွှေ့ရာ၌ လွယ်ကူချောမွေ့စေဖို့၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးဖို့၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့နဲ့ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ပိုမိုမြှင့်တင်နိုင်ဖို့ ဖြစ်ပါတယ်။

အခြေခံမူများ

အက်မက်စ်ရဲ့ အခြေခံမူတွေကတော့ အဖွဲ့ဝင်တစ်နိုင်ငံချင်း၏ စွမ်းဆောင်နိုင်မှုနှင့် အားသာချက်များကို အသုံးချပြီး ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းများ ဖော်ဆောင်ရန် ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို မျှတစွာ ခံစားနိုင်ရန်နဲ့ စီမံကိန်းတွေကို အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ တူညီဆန္ဒဖြင့်သာ ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

အစည်းအဝေးကျင်းပမှုပုံစံ

အက်မက်စ် စီမံကိန်းတွေ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် အစိုးရအဖွဲ့အကြီးအကဲများရဲ့ ထိပ်သီးအစည်းအဝေးတွေကို နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနဲ့ အဆင့်မြင့်အရာရှိကြီးများရဲ့ အစည်းအဝေးကို နှစ်စဉ်ကျင်းပသွားဖို့ သဘောတူညီထားခဲ့ပါတယ်။ သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွေကိုတော့ အဖွဲ့ဝင်တွေအကြား ညှိနှိုင်းကျင်းပလေ့ရှိပါတယ်။ မြန်မာနိုင်ငံ ပုဂံမြို့မှာ ပထမအကြိမ် ထိပ်သီးအစည်းအဝေး ကျင်းပပြီးတဲ့နောက် ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ တတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ အသီးသီးကျင်းပခဲ့ပြီး စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးကိုတော့ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်မှာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာ ကျင်းပလျက်ရှိပါတယ်။

ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီးရှစ်ရပ်

အက်မက်စ် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍရှစ်ရပ်ကတော့ (၁) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး၊ (၂) လယ်ယာစိုက်ပျိုးရေး၊ (၃) စက်မှုနှင့် စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး၊ (၄) သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ (၅) ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ (၆) လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ (၇) ကျန်းမာရေး၊ (၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍတွေဖြစ်ပါတယ်။

အဲဒီကဏ္ဍကြီးရှစ်ရပ်အောက်မှာ လေးနိုင်ငံစလုံး ပူးပေါင်းဆောင်ရွက်တဲ့ ဘုံလုပ်ငန်းကြီး ၄၆ ခု၊ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းကြီး ၂၄၃ ခု ပါဝင်ပါတယ်။ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း အရေအတွက်ကတော့ မြန်မာ-ထိုင်း ၅၈ ခု၊ မြန်မာ-လာအို ၂၇ ခု၊ မြန်မာ-ကမ္ဘောဒီးယား ၂၃ ခု၊ ထိုင်း-လာအို ၅၀ ခု၊ ထိုင်း-ကမ္ဘောဒီးယား ၆၅ ခု၊ လာအို-ကမ္ဘောဒီးယား ၂၀ ခု တို့ဖြစ်ပါတယ်။ အက်မက်စ်ရဲ့ စီမံကိန်းကာလတွေကတော့ နှစ်တိုစီမံကိန်းအဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ၊ နှစ်လတ် စီမံကိန်းအဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ၊ နှစ်ရှည်စီမံကိန်းအဖြစ် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိဆိုပြီး သတ်မှတ်ထားရှိခဲ့ပါတယ်။

ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီးရှစ်ခုအောက်မှာ ချမှတ်ထားတဲ့ စီမံကိန်းတွေ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလျှင် အနည်းဆုံး ကဏ္ဍတစ်ခု၌ ဦးဆောင်တာဝန်ယူသွားရန် သဘောတူညီချက်အရ မြန်မာနိုင်ငံက လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ထိုင်းနိုင်ငံက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လာအိုနိုင်ငံက ပို့ဆောင်ရေးကဏ္ဍ၊ ကမ္ဘောဒီးယားနိုင်ငံက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဗီယက်နမ်နိုင်ငံက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနဲ့ စွမ်းအင်ကဏ္ဍတွေမှာ အသီးသီးဦးဆောင်တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှာ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်တို့က ပူးတွဲတာဝန်ယူလျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ မှာ ဆန်စပါးထုတ်လုပ်သည့် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ် တည်ထောင်သွားဖို့ ရည်မှန်းဆောင်ရွက်လျက် ရှိနေပါတယ်။ ဒါ့အပြင် အဖွဲ့ဝင်နိုင်ငံတွေအကြား စားနပ်ရိက္ခာ ဖူလုံမှုရှိစေဖို့ စိုက်ပျိုးရေး၊ သစ်တောနဲ့ ငါးလုပ်ငန်းကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ နည်းပညာနဲ့ သတင်းအချက်အလက် အပြန်အလှန် ဖလှယ်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးကဏ္ဍ မှာ အဖွဲ့ဝင်နိုင်ငံတွေအကြား ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးအတွက် အစီအစဉ်များချမှတ်ရေး၊ ကုန်စည်ပြပွဲများကို ပူးတွဲကျင်းပသွားရေး၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူလာစေရေး၊ ပုဂ္ဂလိကကဏ္ဍပါဝင်မှု တိုးမြှင့်နိုင်ရေးတို့အတွက် အက်မက်စ် စီးပွားရေးကောင်စီရဲ့ အစည်းအဝေးတွေ ပုံမှန်ကျင်းပပြုလုပ်သွားဖို့ရှိပါတယ်။

စက်မှုနဲ့ စွမ်းအင်ကဏ္ဍ မှာ အဖွဲ့ဝင်နိုင်ငံတွေအကြား ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်ရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားကြရန် ရှိပါတယ်။

သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ မှာ ဒေသတွင်း လက်ရှိ ရှိပြီးသား ပို့ဆောင်ရေးကွန်ရက်နှင့် စီးပွားရေးစင်္ကြံများအား ထိထိရောက်ရောက် အသုံးချသွားရန်၊ အထူးသဖြင့် အရှေ့-အနောက်စီးပွားရေးစင်္ကြံနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံများအား မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်(Greater Mekong Subregion-GMS) နဲ့အညီ ပူးပေါင်းဆောင်ရွက်သွားရန်၊ ဒေသခွဲအတွင်း လေကြောင်းဆက်သွယ်မှုများ တိုးချဲ့သွားရန် ရှိပါတယ်။

ခရီးသွားလုပ်ငန်းကဏ္ဍ မှာ အက်မက်စ်အဖွဲ့ဝင် ငါးနိုင်ငံ၊ ခရီးစဉ်တစ်ခု(Five Countries, One Destination) ဖော်ဆောင်ဖို့အထိ ရည်မှန်းချက်ထားရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံများရဲ့ ဆွဲဆောင်မှုရှိတဲ့ ဒေသတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ဖော်ပြထားမယ့် ACMECS tourism webside တစ်ခုကို တည်ထောင်သွားတော့မှာ ဖြစ်ပါတယ်။

လူသားစွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ မှာ အဖွဲ့ဝင်နိုင်ငံတွေအကြား အသက်မွေးဝမ်းကျောင်းပညာရပ်တွေ အပါအဝင် အက်မက်စ် ပညာသင်ဆုတွေ အပြန်အလှန်ပေးအပ်သွားကြဖို့ ဖြစ်ပါတယ်။ လက်ရှိအားဖြင့် ထိုင်းနိုင်ငံက မဟာဘွဲ့နဲ့ ပါရဂူဘွဲ့အတွက် ပညာသင်ဆုတွေ ပေးအပ်လျက်ရှိပါတယ်။ ဗီယက်နမ်နိုင်ငံကလည်း ပညာသင်ဆုတွေ ပေးအပ်သွားဖို့ ရှိပါတယ်။

ကျန်းမာရေးကဏ္ဍ မှာ ပြည်သူ့ကျန်းမာရေးနဲ့ပတ်သက်တဲ့ အဓိကရောဂါတွေအပါအဝင် ကူးစက်ရောဂါတွေ တိုက်ဖျက်ရေး၊ ကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်နဲ့ အတွေ့အကြုံဖလှယ်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ ကတော့ ၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ တတိယအကြိမ် အက်မက်စ်ထိပ်သီးအစည်းအဝေးကနေ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍသစ်အဖြစ် ထည့်သွင်းခဲ့တာဖြစ်ပါတယ်။ အခုအခါ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် (Plan of Action) တစ်ရပ်ကို ရေးဆွဲထားပြီး လာမယ့် စတုတ္ထအကြိမ် အက်မက်စ်ထိပ်သီးအစည်းအဝေးမှာ အတည်ပြုသွားဖို့ ရှိပါတယ်။

အက်မက်စ် လုပ်ငန်းစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ဘုံစီမံကိန်း ၃၃ခု၊ နှစ်နိုင်ငံချင်းစီမံကိန်း ၆၇ ခုမှာ ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဘုံစီမံကိန်းအများစုက ငွေကြေးအကုန်အကျစိုက်ထုတ်မှုများတဲ့ အခြေခံအဆောက်အအုံ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေး စီမံကိန်းတွေ ဖြစ်ပါတယ်။ စီမံကိန်းတွေ အကောင်အထည်ဖော်နိုင်ရေးအတွက် ငွေကြေးနဲ့ နည်းပညာအကူအညီ ပေးနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံတွေကို ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ထားပါတယ်။ အက်မက်စ်အဖွဲ့ဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်လာနိုင်ဖို့ အက်မက်စ်စီးပွားရေးကောင်စီ (ACMECS Business Council) ကို ဖွဲ့စည်းထားရှိပါတယ်။ အက်မက်စ် စီးပွားရေးကောင်စီဟာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အစိုးရတွေနဲ့ ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးတံတားတစ်ရပ်သဖွယ် ဆက်သွယ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

စီအယ်လ်အမ်ဗွီ

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်-စီအယ်လ်အမ်ဗွီ (Cambodia-Laos-Myanmar-Viet Nam Economic Cooperation)ကတော့ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှာ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေး ကာလအတွင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအဖွဲ့အကြီးအကဲတွေ တွေ့ဆုံဆွေးနွေးပြီး လေးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းရေး ဗီယင်ကျန်းကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ရာက စတင်ခဲ့တာဖြစ်ပါတယ်။

အဓိကဦးတည်ချက်များ

စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်၏ အဓိကဦးတည်ချက်ကတော့ အာဆီယံပေါင်းစည်းရေးအစီအစဉ် (Initiative for ASEAN Integration -IAI) နဲ့အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုအဆင့် ကွာဟချက်လျှော့ချရေး ဟနွိုင်းကြေညာချက် (Hanoi Declaration) ကို ထိရောက်စွာ အကောင်အထည်ဖော်ဖို့ဖြစ်ပါတယ်။ အကောင်အထည်ဖော်ရာမှာ စီအယ်လ်အမ်ဗွီနိုင်ငံများရဲ့ စီးပွားရေးအလားအလာကောင်းများကို အခြေခံကောင်းများအဖြစ် အသုံးပြုပြီး ဒေသခွဲအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြှင့်တင်သွားဖို့ ဖြစ်ပါတယ်။

စီအယ်လ်အမ်ဗွီနိုင်ငံများအနေဖြင့် (၁) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဝါဒညှိနှိုင်းရေး၊ (၂) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ (၃) စိုက်ပျိုးရေးကဏ္ဍ၊ (၄) စက်မှုကဏ္ဍ၊ (၅) စွမ်းအင်ကဏ္ဍ၊ (၆) ပို့ဆောင်ရေးကဏ္ဍ၊ (၇) သတင်းနှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ (၈)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ (၉) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်လျက် ရှိကြပါတယ်။

ထိပ်သီးအစည်းအဝေးများကျင်းပခြင်း

စီအယ်လ်အမ်ဗွီမှာလည်း အက်မက်စ်နည်းတူ အစိုးရအဖွဲ့အကြီးအကဲများရဲ့ ထိပ်သီးအစည်းအဝေးတွေကို နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နှစ်စဉ်ကျင်းပလျက် ရှိပါတယ်။ ပထမအကြိမ် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်က လာအိုနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့ပြီးနောက် ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်း ကွာလာလမ်ပူမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း ကမ္ဘောဒီးယားမှ အိမ်ရှင်အဖြစ် ဦးစီးကျင်းပခဲ့ပါတယ်။

တတိယအကြိမ် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲကာလအတွင်း မြန်မာနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူကျင်းပပေးခဲ့ပါတယ်။ စတုတ္ထအကြိမ် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပခဲ့ပါတယ်။ ပဉ္စမအကြိမ် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကိုတော့ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့မှာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာ ကျင်းပခဲ့ပါတယ်။

စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုပြင်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကဏ္ဍအလိုက် သက်ဆိုင်ရာနိုင်ငံများက ဦးဆောင်တာဝန်ယူလျက်ရှိရာမှာ ကမ္ဘောဒီးယားနိုင်ငံက ကမ္ဘာလှည့်ခရီးသွားကဏ္ဍ၊ လာအိုနိုင်ငံက ပို့ဆောင်ရေးကဏ္ဍ၊ မြန်မာနိုင်ငံက စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ၊ ဗီယက်နမ်နိုင်ငံက ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု၊ သတင်းအချက်အလက် နည်းပညာနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွေမှာ အသီးသီးဦးဆောင်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

ပူးပေါင်းဆောင်ရွက်သည့် ကဏ္ဍများနှင့် စီမံချက်များ

စီအယ်လ်အမ်ဗွီ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွေဟာ သတင်းအချက်အလက်နဲ့ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ ကလွဲရင် အက်မက်စ်နဲ့ အလားတူကဏ္ဍတွေပဲဖြစ်ပါတယ်။ သတင်းနဲ့ နည်းပညာကဏ္ဍမှာသတင်း၊ အတွေ့အကြုံနှင့် နည်းပညာဖလှယ်ရန်၊ အိုင်စီတီ ဖွံ့ဖြိုးရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုအားပေးရန်၊ စီအယ်လ်အမ်ဗွီနိုင်ငံများတွင် အမျိုးသားကွန်ပျူတာဆိုင်ရာ အရေးပေါ်အခြေအနေ ကိုင်တွယ်ဖြေရှင်းနိုင်မယ့်အဖွဲ့ ထူထောင်သွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်အကြား ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍတွေ တူညီနေသော်လည်းပဲ ပူးပေါင်းဆောင်ရွက်မှု စီမံချက်တွေကတော့ သီးခြားစီဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီမှာ ပူးပေါင်းဆောင်ရွက်မှု စီမံချက် ၅၈ ခု သတ်မှတ်ထားရှိပါတယ်။ အဲဒီ ၅၈ ခုထဲမှာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ လေးခု၊ လယ်ယာကဏ္ဍမှာ ၁၂ ခု၊ စက်မှုနဲ့ စွမ်းအင်မှာ ၁၄ ခု၊ ပို့ဆောင်ရေးကဏ္ဍမှာ ငါးခု၊ သတင်းနဲ့ နည်းပညာကဏ္ဍမှာ သုံးခု၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍမှာ လေးခု၊ လူသားစွမ်းရည်ဖွံ့ဖြိုးရေးကဏ္ဍမှာ ကိုးခု၊ ကျန်းမာရေးကဏ္ဍမှာ လေးခုနဲ့ ဒေသခွဲစီးပွားရေးပေါင်းစည်းမှုကဏ္ဍမှာ သုံးခု တို့ဖြစ်ပါတယ်။ ဒီစီမံချက်တွေ အကောင်အထည်ဖော်ရာမှာ ပိုမိုလျင်မြန်သွက်လက်လာစေဖို့အတွက် အာဆီယံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်နိုင်ငံများထံမှ ငွေကြေးနဲ့နည်းပညာ အထောက်အပံ့ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တစ်ဖက်မှာလည်း စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများကိုယ်တိုင် ငွေကြေးအရင်းအနှီး မတည်ထည့်ဝင်ပြီး ရန်ပုံငွေတစ်ရပ် (CLMV Fund) ထူထောင်သွားဖို့လည်းရှိပါတယ်။

သုံးသပ်ချက်

အက်မက်စ်နဲ့ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များဟာ ၂၀၀၃ ခုနှစ်နဲ့ ၂၀၀၄ ခုနှစ်များမှာ စတင်ခဲ့တာဖြစ်တဲ့အတွက် အခုဆိုရင် ခုနစ်နှစ်နဲ့ ခြောက်နှစ်တာကာလအတွင်း အသီးသီး ဝင်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ အဲဒီကာလအတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေမှာ တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံတွေအကြား အပြန်အလှန်ထောက်ပံ့ကူညီခြင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့**✻

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၄၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ်(၁၄၁/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
စစ်ကိုင်းတိုင်းဒေသကြီး				
(၁)	ဦးမြတ်ကို	၉/မမန(နိုင်)၀၇၃၈၀၄	အမှတ်(၁၂)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ရှမ်းပြည်နယ်				
(၂)	ဦးစိုင်ပေါင်းနပ်	၁၃/လရန(နိုင်)၀၁၈၇၁၄	အမှတ်(၁၂)	"ဝ"ဒီမိုကရက်တစ်ပါတီ

(ပုံ)သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❋စာမျက်နှာ ၆ မှ

သတင်းအချက်အလက်နဲ့ နည်းပညာဖလှယ်ခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံက ကျန်အက်မက်စ်အဖွဲ့ဝင်နိုင်ငံတွေအတွက် ပညာသင်ဆုတွေ ပေးအပ်လျက်ရှိသလို မြန်မာနိုင်ငံကလည်း လာအိုနိုင်ငံက ငါးလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူတွေကို ရေချိုငါးမွေးမြူခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းတွေ ပို့ချပေးခဲ့တာမျိုး ဖြစ်ပါတယ်။

သယ်ယူပို့ဆောင်ရေးကဏ္ဍမှာဆိုရင်လည်း ဗီယက်နမ်လေကြောင်းလိုင်းဟာ မြန်မာနိုင်ငံ ရန်ကုန်မြို့နဲ့ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့အကြား လေကြောင်းခရီးစဉ်တွေကို ယခုနှစ် မတ်လကစတင်ပြီး တိုးချဲ့ပျံသန်း ပြေးဆွဲနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့နဲ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့အကြား တိုက်ရိုက်ပျံသန်း ပြေးဆွဲမှုကိုလည်း ၁၅-၁၁-၂၀၁၀ ရက်က စတင်ပြေးဆွဲနေပြီဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာဆိုရင်လည်း မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မယ့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေး မူဘောင်သဘောတူစာချုပ်ကိုလည်း ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့က နှစ်ဖက်တာဝန်ရှိသူတွေ နေပြည်တော်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစီမံကိန်းမှာ ထားဝယ်ရေနက်ဆိပ်ကမ်းအပြင် စက်မှုဇုန်များ၊ ထားဝယ်ကနေ မြန်မာ-ထိုင်းနယ်စပ်အထိ ကားလမ်းနှင့်ရထားလမ်းများ ဖောက်လုပ်ခြင်း၊ ကားလမ်းနဲ့ ရထားလမ်း တစ်လျှောက် ရေနံပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီကားလမ်း ဖောက်လုပ်ပြီးစီးသွားခဲ့ရင် မဟာမဲခေါင်ဒေသခွဲရဲ့ တောင်ပိုင်းစီးပွားရေးစင်္ကြံ (Southern Economic Corridor) ဟာ ဗီယက်နမ်နိုင်ငံကနေ မြန်မာနိုင်ငံအထိ တစ်ဆက်တည်း ဆက်စပ်သွားမှာ ဖြစ်တဲ့အတွက် ဒေသတွင်း ဆက်နွှယ်ပေါင်းစည်းမှု (regional connectivity) ကို များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

